ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး ၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဒီမော့ဆိုမြို့နယ်

CDD

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)




## Village Development Plan (VDP)


## ဒေါ်ဘူးကူးကျေးရွာအုပ်စု၊ ဒေါ်ဘူးကူးကျေးရွာ ( ၂၀၁၇-၂၀၁၈)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ဒီးမော့ဆိုမြို့နယ်မြေပုံ | ၁ | ၁ |
| ၂။ | ကျေးရွာအုပ်စုမြေပုံ | ၂ | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်းနှင့်လူဦးရေ | ၃ | ၄ |
| ၄။ | ကျေးရွာမြေပုံ(တည်နေရာ) | ၅ | ၅ |
| ၅။ | ကျေးရွာမြေပုံသုံးသပ်ချက် | ၆ | ၆ |
| ၆။ | ကျေးရွာသမိုင်းကြောင်းအကျဉ်းချုပ် | ၇ | ၇ |
| ၇။ | ကျေးရွာအတွင်းရှိ ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၈ | ၈ |
| ၈။ | ကျေးရွားအတွင်းရှိ ဥစ္စာခနကြွယ်ဝမှုအဆင့်သတ်မှတ်သုံးသပ်ချက် | ၉ | ၉ |
| ၉။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်ခြင်း | ၁၀ | ၁၀ |
| ၁၀။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်သုံးသပ်ချက် | ၁၁ | ၁၁ |
| ၁၁။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်ခြင်း | ၁၂ | ၁၂ |
| ၁၂။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်သုံးသပ်ချက် | ၁၃ | ၁၃ |
| ၁၃။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်ခြင်း | ၁၄ | ၁၄ |
| ၁၄။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်သုံးသပ်ချက် | ၁၅ | ၁၅ |
| ၁၅။ | ကျေးရွာအတွင်းရှိ ကော်မတီဝင်များစာရင်း/ဓါတ်ပုံ | ၁၆ | ၁၇ |
| ၁၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၁၈ | ၁၉ |
| ၁၇။ | ကျေးရွာအချက်အလက်ပုံစံ(၁) | ၂၀ | ၂၂ |
| ၁၈။ | စီမံကိန်းစက်ဝန်း အချိန်ဇယား(ပုံစံ-၂) | ၂၃ | ၂၄ |
| ၁၉။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်(ပုံစံ-၃) | ၂၅ | ၂၈ |
| ၂၀။ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲ ရွေးချယ်ခြင်း(ပုံစံ-၄) | ၂၉ | ၂၉ |
| ၂၁။ | ကျေးရွာအစည်းအဝေးမှတ်တမ်းများ | ၃၀ | ၃၁ |
| ၂၂။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၃၂ | ၃၃ |


DEMOSO TOWNSHIP MAP
စကေး ၁ လက်မ = ၂ မိုင်
ရှမ်းပြည်နယ်
လွိုင်ကော်မြို့နယ်
ရှော်ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
ဒီးမော့ဆိုမြို့
ကျေးရွာအုပ်စု
ကျေးရွာ
ကားလမ်း
မီးရထားလမ်း

# ဒေါ်ဘူးကူးကျေးရွာအုပ်စုမြေပုံ



ဒေါဘူးကူးအုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေ | | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | |
| ၁။ | ဒေါဘူးကူး | ၅၅ | ၁၂၅ | ၁၄၉ | ၂၇၄ | |
| ၂။ | ဒေါဘူးခို | ၆၅ | ၁၆၀ | ၁၇၂ | ၃၃၂ | |
| ၃။ | ဒေါလျှားလီ | ၄၂ | ၁၁၂ | ၁၀၇ | ၂၁၉ | |
| ၄။ | စည်းလင်း | ၄၉ | ၁၃၇ | ၁၃၃ | ၂၇၀ | |
| ၅။ | ဒေါပေါ်ကလဲ | ၂၇ | ၅၈ | ၇၀ | ၁၂၈ | |
| ၆။ | ဒေါသဲ | ၃၃ | ၈၆ | ၉၆ | ၁၈၂ | |
| ၇။ | ကြာဖူဒေါ | ၆၄ | ၁၆၀ | ၁၅၃ | ၃၁၃ | |
| ၈။ | ဒေါပီတ | ၆၆ | ၁၅၇ | ၁၆၀ | ၃၁၇ | |
| | စုစုပေါင်း | ၄၀၁ | ၁၀၀၅ | ၁၀၄၀ | ၂၀၄၅ | |

**ကျေးရွာအခြေခံအချက်အလက်များ**

- ကျေးရွာသက်တမ်း - နှစ် (၁၀၀)ခန့်

**လူဦးရေ (ကျား/မ)နှင့် အိမ်ခြေ**

ကျား (၁၃၅) ဦး၊ မ (၁၄၉) ဦး၊ အိမ်ခြေ (၅၅) လုံး

**လူမျိုးစုများ၏ လူဦးရေ**

၁။ ကယားလူမျိုး - ကျား (၁၃၃)၊ မ (၁၄၄)

၂။ ကရင်လူမျိုး - ကျား (၂) ၊ မ (၅)

**ထိခိုက်လွယ်သောအုပ်စုများ လူဦးရေ**

(က) သက်ကြီး - ကျား (၄)၊ မ (၅)

(ခ) မြေယာမဲ့ - မရှိ

(ဂ) မသန်စွမ်း - ကျား (၁)

**ကျေးရွာအတွင်း ရရှိနိုင်သော ဝန်ဆောင်မှုများ**

၁။ အခြေခံပညာမူလတန်းကျောင်း (၁) ကျောင်း

၂။ ကျေးလက်ကျန်းမာရေးဌာနခွဲ (၁) ခု

၃။ ဘုန်းတော်ကြီးကျောင်း (၁) ကျောင်း

၄။ ရိုးရာတံခွန်တိုင်

**ရွာသူ/သားများ၏ အဓိကစီးပွားရေးလုပ်ငန်းများ**

(က) လယ်ယာစိုက်ပျိုးရေး

(ခ) မွေးမြူရေး

**အဓိကရနိုင်သော အရင်းအမြစ်များ**

၁။ မြေယာ

၂။ ကျေးရွာပိုင်သစ်တော

၃။ ရေကန်

**ကျေးရွာနှင့်ဆိုင်သော အခြားအရင်းအမြစ်များ**

၁။ ကျေးလက်ကျန်းမာရေးဌာနခွဲ

၂။ ကျေးရွာချင်းဆက်လမ်း


ဒေါဘူးကူးကျေးရွာမြေပုံ
၈.၁၂.၂၀၁၆
ဒေါဘူးဒိုကျေးရွာ

# ဒေါဘူးကူးကျေးရွာအုပ်စု၊ ဒေါဘူးကူးကျေးရွာ

၈.၁၂.၂၀၁၆

## ကျေးရွာလူမှုရေးနှင့်သဘာဝအရင်းအမြစ်ပြမြေပုံကို သုံးသပ်ခြင်း။

ဒေါဘူးကူးကျေးရွာသည် ကျေးရွာအုပ်စုရွာဖြစ်၍ ဒီးမော့ဆိုမြို့မှ (၆.၄)မိုင်ခန့်ကွာဝေးပါသည်။ ကျေးရွာအတွင်း အိမ်ခြေ (၅၅) လုံးရှိပြီး လူဦးရေ (၂၈၄) ဦးနေထိုင်သည်။ အများစုမှာ တောင်သူလယ်သမားများ ဖြစ်ကြပါသည်။ ဒေါဘူးကူးကျေးရွာသည် ဒီးမော့ဆို-မိုးဗြဲကတ္တရာလမ်းဘေးဝဲယာတွင် တည်ထားပါသည်။ ကျေးရွာအတွင်း ရရှိနိုင်သော လူမှုရေးဆိုင်ရာဝန်ဆောင်မှုများမှာ စာသင်ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ၊ ဘုန်းတော်ကြီးကျောင်း၊ ရိုးရာတံခွန်တိုင် တို့ကို တွေ့ရှိရသည်။ သဘာဝအရင်းအမြစ်များအဖြစ် လယ်ယာ၊ ကျေးရွာပိုင်သစ်တော၊ ရေကန်တို့ကို တွေ့ရှိရသည်။

ကျေးရွာသူရွာသားများက မြေပုံပေါ်လိုအပ်ချက်များကို လေ့လာဖော်ထုတ်ကြရာတွင် ကျေးရွာခန်းမဆောင်၊ မူကြိုကျောင်း၊ ကျောင်းခြံစည်းရိုးကာရံရန်၊ ရေတွင်းဟောင်းပြုပြင်ရန်၊ ရေလှောင်ကန်များတည်ဆောက်ပေးရန်နှင့် ကျေးရွာတွင်း ကျောက်ချောလမ်းများ ခင်းပေးရန် ရေးဆွဲဖော်ထုတ်ကြပါသည်။ ဒေါဘူးကူးရွာလယ်မှ ရွာအရှေ့ဖက်လယ်ကွင်းသို့ သွားသောလမ်းမှာ အခြားကျေးရွာများပါ အသုံးပြုနေသော ကုန်ထုတ်လမ်းတစ်ခုဖြစ်သည်ဟု သိရှိရသည်။ သို့ဖြစ်၍ အဆိုပါ ကုန်ထုတ်လမ်းကိုလည်း ဦးစားပေးပြုပြင်ပေးသင့်သည်ဟု သုံးသပ်ရရှိပါသည်။

ဒေါဘူးကူးကျေးရွာသည် အုပ်စုရွာဖြစ်၍ ရွာတွင်းလူမှုဝန်ဆောင်မှုအထိုက်အလျောက်ရှိသော်လည်း ကျေးရွာအုပ်စုအတွက် အမကမှ မူလွန်ကျောင်းအဆင့်တိုးမြှင့်ခြင်း၊ ကုန်ထုတ်လမ်းပြုပြင်ခြင်း ဆက်လက်ဆောင်ရွက်ပေးနိုင်ပါက ကျေးရွာနှင့် အုပ်စုဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူပြုမည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၂၉) ဦး၊ မ (၂၉) ဦး**

**ဒေါဘူးကူးကျေးရွာသမိုင်းအကျဉ်း**

ဒေါဘူးကူးကျေးရွာသည် ၁၈၉၃ ခုနှစ်ခန့် ကစတင်၍ လက်ရှိတွင် ကျေးရွာသက်တမ်းအားဖြင့် နှစ်ပေါင်း (၁၂၄) နှစ်ခန့်ရှိပြီဖြစ်ပါသည်။ ဒေါဘူးကူးဟုခေါ်ဆိုရခြင်း၏ အဓိပ္ပါယ်မှာ ဖြူစင်သည့်သဘောကိုဆောင်ခြင်းဖြစ်သည်။ ကယားလူမျိုးများနေထိုင်ကြပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့်သာ အသက်မွေးကြပါသည်။ ယခင်က ရိုးရာတံခွန်တိုင်ကိုသာ အဓိကယုံကြည်သက်ဝင်ကြပြီး ယခုအခါတွင် ဗုဒ္ဓဘာသာကိုလည်း ကိုးကွယ်ကြပါသည်။ ၁၉၄၅ခုနှစ်အထိ ဒေါဘူးကူးကျေးရွာတွင် အိမ်ခြေ (၇)လုံးဖြင့် စည်းလုံးညီညွတ်စွာနေထိုင်ခဲ့ကြသည်ဟု လေ့လာသိရှိရပါသည်။

၁၉၇၀-၇၁ ခုနှစ်ရောက်သောအခါ အိမ်ခြေ (၁၂)လုံးရှိလာ၍ လူဦးရေမှာ (၆၅)ဦး ဖြစ်သည်ဟု လေ့လာသိရှိရပါသည်။ ယခင်က ရိုးရာတံခွန်တိုင်သည် ကျေးရွာမြောက်ပိုင်းတွင် တည်ရှိ၍ သက်ကြီးရွယ်အိုအဆိုအရ ရွာမြောက်တွင် မထားကောင်းဟုဆို၍ ယခုလက်ရှိ ရွာအရှေ့ဖက်သို့ ရွှေ့ပြောင်းတည်ထားခဲ့ခြင်းဖြစ်ပါသည်။ ဒေါဘူးကူးအခြေခံပညာမူလတန်းကျောင်းကို ၁၉၅၉ ခုနှစ်တွင် ပျဉ်ခင်း၊ ပျဉ်ကာဖြင့် စတင်ဖွင့်လှစ်ခွင့်ရရှိခဲ့ပြီး ၂၀၀၀-၂၀၀၁ ပညာသင်နှစ်တွင် အုတ်ညှပ်တစ်ထပ်ကျောင်းဆောင် (၁)ဆောင် ထပ်မံရရှိခဲ့သည်။ ၁၉၈၀ မတိုင်မီအထိ ပညာရေး၌ မူလတန်းအဆင့်အထိသာ တက်ရောက်နိုင်ခဲ့ကြပြီး လက်ရှိတွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ (၁၀)ဦးကျော်အထိ တိုးမြင့်လာခဲ့ပါသည်။

ဒေါဘူးကူးကျေးရွာသည် ပြည်သူ့ကောင်စီလက်ထက်တွင် မြို့နယ်၊ ကျေးရွာအုပ်စုဖွဲ့စည်းသောအခါ အုပ်စုရွာဖြစ်လာခဲ့သည်။ ၁၉၈၃ခုနှစ်တွင် ကျေးရွာအရှေ့ဖက်တွင် ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ခဲ့သည်။ ကျေးလက်ကျန်းမာရေးဌာနခွဲသည် ယခင်က စည်းလင်းကျေးရွာတွင် တည်ရှိပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်ရောက်သောအခါ ဒေါဘူးကူးကျေးရွာမြောက်ဖက် ကတ္တရာလမ်းမဘေးတွင် ကျန်းမာရေးဌာနမှ ငွေကျပ်သိန်း (၆၀၀) ဖြင့် ကွန်ကရစ်နှစ်ဆောင်ပြိုင်ဆောက်လုပ်ပေးပါသည်။

ဒီးမော့ဆိုမြို့နယ်အတွင်းရှိ တိုင်းရင်းသားကျေးရွာအများစုသည် ကျေးရွာသမိုင်းဖြစ်စဉ်ဖြစ်ရပ်များကို စာပေဖြင့် စနစ်တကျရေးသားမှတ်တမ်းတင်နိုင်ခဲ့ခြင်းမရှိပဲ ရိုးရာအဆို၊ အငိုတေးသီချင်းဖြင့်လည်းကောင်း၊ ပါးစပ်ရာဇဝင်(နှုတ်စကား)များဖြင့်သာ လက်ဆင့်ကမ်းခြင်းပြုခဲ့ကြပါသည်။ ယခုရေးသားဖော်ပြချက်အများစုသည်လည်း ကျေးရွာအတွင်းရှိ သက်ကြီးရွယ်အိုများ၏ နှုတ်စကားကို အခြေခံ၍ ရေးသားတင်ပြခြင်းဖြစ်ပါသည်။

(စုစည်း)

ဒေါဘူးကူးကျေးရွာအုပ်ချုပ်ရေးမှူး

ဒေါ်ဘူးကူး

၈.၁၂.၂၀၁၆

# ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း

| အဆင့် | စံသတ်မှတ်ချက် | အိမ်ထောင်စု | ရာနှုန်း |
| --- | --- | --- | --- |
| ချမ်းသာခြင်း A က | လယ်(၅)ဧကအထက်ပိုင်ဆိုင်၊ တိုက်အိမ်၊ ပျိုးထောင်(၂)ထယ်၊ ကား၊ စက်၊ ဆိုင်ရောင်း၊ | ၅ | ၉% |
| အလယ်အလတ် B ခ | လယ်(၁)ဧကမှ(၄)ဧကပိုင်ဆိုင်၊ ပျိုးထောင်အိမ်၊ လက်တွန်းလယ်ထွန်စက်၊ | ၃၀ | ၅၅% |
| ဆင်းရဲ C ဂ | လယ်ယာမရှိ၊ ဝါးထရံအိမ်၊ | ၂၀ | ၃၆% |
| | စုစုပေါင်း | ၅၅ | ၁၀၀% |

ပါဝင်ဆွေးနွေးသူ

ကျား-၂၉ ၊ မ-၂၉

ဒေါဘူးကူးကျေးရွာအုပ်စု၊ ဒေါဘူးကူးကျေးရွာ

၈.၁၂.၂၀၁၆


ဥစ္စာဓနအဆင့်သတ်မှတ်ခြင်းအပေါ်သုံးသပ်ချက်။

ဒေါဘူးကူးကျေးရွာတွင် အိမ်ထောင်စု (၅၅)စု ရှိသည့်အနက် (၅၄)စုမှာ ကယားလူမျိုးများဖြစ်ကြပြီး ကရင်လူမျိုး (၁)အိမ်ပါဝင်ပါသည်။ ကျေးရွာအတွင်း ဥစ္စာဓနအဆင့်ကို သတ်မှတ်ရာတွင် ချမ်းသာခြင်းအဆင့် A၊ အလယ်အလတ် B နှင့် ဆင်းရဲ C ဟူ၍ အဆင့် (၃)ဆင့် သတ်မှတ်ကြပါသည်။ ကျေးရွာသူရွာသားများက အဆင့်လိုက် စံနှုန်းသတ်မှတ်ရာတွင် A အဆင့်အဖြစ် လယ် (၅)ဧကအထက်ပိုင်ဆိုင်ခြင်း၊ တိုက်အိမ်၊ (၂)ထပ်ပျဉ်ထောင်အိမ်ပိုင်ဆိုင်ခြင်း၊ ကား၊ စက်ပိုင်ခြင်း၊ ဆိုင်ရောင်းသူများကို သတ်မှတ်ကြသည်။ အလယ်အလတ်အဆင့်စံနှုန်းမှာ လယ်ယာ (၁)ဧကမှ (၄) ဧကပိုင်ဆိုင်ခြင်း၊ ပျဉ်ထောင်အိမ်ဖြင့်နေထိုင်ခြင်း၊ လက်တွန်းလယ်ထွန်စက်ရှိအိမ်ထောင်စုများ ပါဝင်သည်။ ဆင်းရဲ C အဆင့်စံနှုန်းမှာ ဝါးထရံအိမ်ဖြင့် နေထိုင်၍ လယ်ယာမြေပိုင်ဆိုင်မှု မရှိသူများကို သတ်မှတ်ကြပါသည်။

ကျေးရွာအိမ်ထောင်စုများမှ A အဆင့်တွင် အိမ်ထောင်စု (၅)စုရှိ၍ ရာခိုင်နှုန်းအားဖြင့် (၉%) ရှိသည်။ B အဆင့်တွင် အိမ်စောင်စု (၃၀)အိမ်၊ ရာခိုင်နှုန်းအားဖြင့် (၅၅%)၊ C အဆင့်တွင် (၂၀) အိမ်၊ ရာခိုင်နှုန်းအားဖြင့် (၃၆%) ရှိသည်ကို တွေ့ရသည်။

သို့ဖြစ်၍ ဒေါဘူးကူးကျေးရွာ၏ ဥစ္စာဓနအဆင့်သတ်မှတ်ခြင်းကို လေ့လာသုံးသပ်ရာတွင် အုပ်စုရွာဖြစ်သည့်အထိုက်အလျောက် ပြေလည်မှုရှိသည်ဟု သုံးသပ်ရရှိပါသည်။ သို့ရာတွင် ဆင်းရဲအဆင့် C မှာလည်း (၃၆%) အထိ မြင့်တက်နေသေးသဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဆင်းရဲအုပ်စုကို ဦးတည်၍ အိမ်ထောင်စုအားလုံး အကျိုးအမြတ်ခံစားခွင့်ရရှိရေးကို ဆက်လက်အကောင်အထည်ဖော်သွားရန် လိုအပ်သေးသည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

ပါဝင်ဆွေးနွေးသူ ကျား (၂၉) ဦး၊ မ (၂၉) ဦး


ဒေါ်ကူးကူး
၈.၁၂.၂၀၁၆
ပင့်ကူအိမ်သုံးသပ်ခြင်း
အမျိုးသမီး
အမျိုးသား
အိမ်တွင်းမှုကိစ္စ
ပါဝင်ဆွေးနွေးသူ
ကျား - ၂၉
မ - ၂၉
၁၀

# ဒေါ်ဘူးကူးကျေးရွာအုပ်စု၊ ဒေါ်ဘူးကူးကျေးရွာ

၈.၁၂.၂၀၁၆


**ကျား-မ ရေးရာကဏ္ဍအပေါ်သုံးသပ်ချက်။**

ဒေါ်ဘူးကူးကျေးရွာသူရွာသားများမှ ကျား-မဆိုင်ရာ ပင့်ကူအိမ်သုံးသပ်ဖော်ထုတ်ကြရာတွင် အမျိုးသမီးအုပ်စုက အိမ်တွင်းမှုကိစ္စတွင် အဆင့် (၁၀)၊ ဆုံးဖြတ်ပိုင်ခွင့်တွင် အဆင့်(၅)၊ အလုပ်အကိုင်အခွင့်အလမ်းတွင် အဆင့် (၅)၊ အဖွဲ့အစည်းတွင်ပါဝင်ခွင့်၌ အဆင့် (၃)၊ ဝင်ငွေရရှိမှုတွင် (၄)၊ လုံခြုံမှုအဆင့် (၂)၊ အမွေရပိုင်ခွင့်တွင် (၁)နှင့် ဦးဆောင်မှုတွင် အဆင့် (၅) အသီးသီးဖော်ထုတ်ကြပါသည်။ အမျိုးသမီးဖော်ထုတ်ထားသော အကြောင်းအရာအလိုက် အမျိုးသားအုပ်စုက ဆက်လက်ဖော်ထုတ်သတ်မှတ်ရာတွင် အိမ်တွင်းမှုလုပ်ငန်း၌အဆင့် (၂)၊ ဆုံးဖြတ်ပိုင်ခွင့်တွင် အဆင့်(၅)၊ အလုပ်အကိုင်အခွင့်အလမ်းတွင် အဆင့် (၅)၊ အဖွဲ့အစည်းတွင်ပါဝင်ခွင့်၌ အဆင့် (၇)၊ ဝင်ငွေရရှိမှုတွင် (၆)၊ လုံခြုံမှုအဆင့် (၇)၊ အမွေရပိုင်ခွင့်တွင် (၆)နှင့် ဦးဆောင်မှုတွင် အဆင့် (၅)ဟု ဖော်ထုတ်သတ်မှတ်ကြပါသည်။

သို့ဖြစ်၍ ဒေါ်ဘူးကူးကျေးရွာတွင် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဦးဆောင်မှုကဏ္ဍများတွင် ကျား-မတန်းတူရှိမှုတွေ့ရပြီး အမျိုးသမီးများအနေဖြင့် အိမ်တွင်းမှုကိစ္စမှလွဲ၍ ကျန်ကဏ္ဍများတွင် အားနည်းနေသေးသည်ကို လေ့လာတွေ့ရှိရသည်။ အထူးသဖြင့် အမွေရရှိမှုနှင့် လုံခြုံမှုတွင် အမျိုးသမီးများ အခွင့်အလမ်းအလွန်အားနည်းနေသေးသည်ကို တွေ့ရှိရသည်။ ဒေါ်ဘူးကူးကျေးရွာတွင် အမျိုးသမီးအမွေရရှိမှု နည်းပါရခြင်းမှာ ရိုးရာဓလေ့အရ အမျိုးသားများကို ဦးစားပေးခဲ့ခြင်းဖြစ်သည်ဟု သိရှိရသည်။

လူထုဗဟိုပြုစီမံကိန်းသည် ကျား-မတန်းတူဖြစ်ရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိရာ ကျေးရွာများတွင် ကျား-မတန်းတူ ပိုမိုဖြစ်ပေါ်လာရေးအတွက် အသိပညာဖြန့်ဝေပေးခြင်းနှင့် အတူ လက်တွေ့အကောင်အထည်ဖော်ဆောင်မှုအတွက် ဆက်လက်ပံ့ပိုးကူညီရမည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၂၉) ဦး၊ မ (၂၉) ဦး**


ကျေးရွာလူထုနှင့် အဖွဲ့အစည်းချိတ်ဆက်ပုံ
ကျန်းမာရေး
ဂေါပက အဖွဲ့
ကျေးရွာ လူထု
ကျား - ၂၉
မ - ၂၉
၁၂

## ဒေါ်ဘူးကူးကျေးရွာအုပ်စု၊ ဒေါ်ဘူးကူးကျေးရွာ

၈.၁၂.၂၀၁၆

**ကျေးရွာလူထုနှင့်အဖွဲ့အစည်း ချိတ်ဆက်မှုကို သုံးသပ်ခြင်း။**

ဒေါ်ဘူးကူးကျေးရွာသည် အုပ်စုရွာဖြစ်သည်နှင့် အညီ ကျေးရွာတွင်း အဖွဲ့အစည်းပိုမိုဖွဲ့စည်းနိုင်သကဲ့သို့ ကျေးရွာပြင်ပအဖွဲ့အစည်းများနှင့်လည်း ပိုမိုချိတ်ဆက်နိုင်မှုရှိသည်ကို ကျေးရွာလူထုဖော်ထုတ်ချက်အရ တွေ့ရှိရသည်။ ကျေးရွာတွင်း အဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့၊ ကေ့နှင့်ကေထိုးဗျာစယ်များ၊ ရွာမိရွာဖ၊ လူငယ်အဖွဲ့နှင့် လူထုဗဟိုပြုစီမံကိန်းကော်မတီအဖွဲ့သည် သြဇာလွှမ်းမိုးမှုများပြီး ကျောင်းကော်မတီ၊ အမျိုးသမီးကော်မတီနှင့် ဂေါပကအဖွဲ့များသည်လည်း အထိုက်အလျောက်သြဇာလွှမ်းမိုးမှုရှိကြပါသည်။ မီးလင်းရေးကော်မတီကိုလည်း ဖွဲ့စည်းထားပြီး လက်ရှိတွင် လှုပ်ရှားဆောင်ရွက်လျှက်ရှိသည်ဟု သိရှိရပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းများအနေဖြင့် အုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ ပညာရေးမှူးရုံး၊ ကျေးလက်ရုံးတို့ကို သတ်မှတ်ဖော်ထုတ်ကြပါသည်။ အုပ်စုအုပ်ချုပ်ရေးမှူးမှာ အဓိကအားထားရ၍ ကျန်းမာရေး၊ ပညာရေး၊ ကျေးလက်ရုံးတို့မှာလည်း ရွာအတွက် အားထားရသောပြင်ပအဖွဲ့အစည်း(ဌာန)များဖြစ်သည်ကို တွေ့ရှိရပါသည်။

ဒေါ်ဘူးကူးကျေးရွာနှင့် အုပ်စုအတွင်းရှိ ကျေးရွာများတွင် ယခင်က (ACF) အဖွဲ့အစည်းမှကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သော်လည်း လက်ရှိတွင် စီမံကိန်းကာလပြီးဆုံးခဲ့ပြီဟု သိရှိရပါသည်။ ဒေါ်ဘူးကူးကျေးရွာအတွင်းတွင် လမ်းများကောင်းမွန်ရန် လိုအပ်နေသေးခြင်း၊ ရေတွင်း/ရေကန်လိုအပ်နေသေးခြင်း၊ မူကြိုကျောင်း၊ စာကြည့်တိုက်များမရှိသေးသည်ကို တွေ့ရှိရသဖြင့် ပြင်ပအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်လက်ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်နေသေးသည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၂၉) ဦး၊ မ (၂၉) ဦး**

၈.၁၂.၂၀၁၆
ဒေါ်ဘူးကူးကျေးရွာ

# ရာသီခွင်ပြ ပြက္ခဒိန်ဇယား

| အကြောင်းအရာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ်လ | ဧပြီလ | မေလ | ဇွန်လ | ဇူလိုင်လ | ဩဂုတ်လ | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတုအခြေအနေ | | | | | | | | | | | | |
| စိုက်ပျိုး / ရိတ်သိမ်းချိန် | | | | | | | | | | | | |
| ပွဲတော်ကာလ | | | | | | | | | | | | |
| ရောဂါဖြစ်ပွားနိုင်သောကာလ | | | | | -ဝမ်းပျက်ဝမ်းလျှော<br>- | -တုပ်ကွေး | | | | | -နှာစေး<br>-ချောင်းဆိုး | |
| ဝင်ငွေ / ထွက်ငွေကာလ | ထွက်ငွေ | | | ထွက်ငွေ | ထွက်ငွေ/ဝင်ငွေ | ထွက်ငွေ | ထွက်ငွေ | | ထွက်ငွေ | ဝင်ငွေ | ဝင်ငွေ/ထွက် | ဝင်ငွေ |
| လုပ်ငန်းအားပါးသောကာလ | | | | | | | | | | | | |
| ရေရှားပါးသောကာလ | | | | | | | | | | | | |
| | | | | | | | | | | | | |

ပါဝင်ဆွေးနွေးသူ ကျား-၂၉ မ-၂၉

## ဒေါဘူးကူးကျေးရွာအုပ်စု၊ ဒေါဘူးကူးကျေးရွာ

၈.၁၂.၂၀၁၆

### ရာသီခွင်ပြ ပြက္ခဒိန်အပေါ်သုံးသပ်ချက်။

ဒေါဘူးကူးကျေးရွာ၏ တစ်နှစ်တာ ရာသီခွင်ပြ ပြက္ခဒိန်ကို ဖော်ထုတ်ရေးဆွဲကြရာတွင် အဓိကလုပ်ငန်းအကြောင်းအရာများအဖြစ် ရာသီဥတုအခြေအနေ၊ စိုက်ပျိုး/ရိတ်သိမ်းချိန်၊ ပွဲတော်ကာလ၊ ရောဂါဖြစ်ပွားနိုင်သောကာလ၊ ဝင်ငွေ/ထွက်ငွေအခြေအနေ၊ လုပ်ငန်းရှားပါးသောကာလ၊ ရေရှားပါးသောကာလတို့ကို ဖော်ထုတ်ကြပါသည်။ တောင်သူလယ်သမားများ ဖြစ်ကြသည့်အလျောက် ဒီဇင်ဘာလ၊ ဇန်နဝါရီလများတွင် ကြက်သွန်ကဲ့သို့ သီးနှံစိုက်ပျိုးခြင်း၊ မေလ၊ ဇွန်လ များတွင် ပြောင်း၊ စပါး စိုက်ပျိုးကြပါသည်။ မတ်လ၊ ဧပြီလများတွင် ခြံရှင်းခြင်းများပြုလုပ်၍ အောက်တိုဘာလ၊ နိုဝင်ဘာလများတွင် ရိတ်သိမ်းခြင်းကို ဆောင်ရွက်သည်ဟု ဖော်ပြထားပါသည်။

ပွဲတော်ကာလအဖြစ် ဧပြီလတွင် ရိုးရာတံခွန်တိုင်ပွဲ၊ စက်တင်ဘာလတွင် ဒီးကူပွဲ၊ အောက်တိုဘာလတွင် သီတင်းကျွတ်ပွဲနှင့် ဒီဇင်ဘာလတွင် ငှက်လိုက်ပွဲကျင်းပကြသည်။ ရောဂါဖြစ်ပွားချိန်မှာ မေလ၊ ဇွန်လနှင့် နိုဝင်ဘာလများဟု ဖော်ပြထားပါသည်။ ဝင်ငွေရသောလများမှာ မေလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလများဖြစ်ပြီး ထွက်ငွေမှာ ဇန်နဝါရီ၊ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လ၊ စက်တင်ဘာနှင့် နိုဝင်ဘာလများဖြစ်၍ ထွက်ငွေပိုများသည်ဟု သုံးသပ်ရရှိပါသည်။ လုပ်ငန်းရှားပါးချိန်(အားလပ်ချိန်)မှာ ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလများဖြစ်၍ ယခုနှစ် စီမံကိန်းလုပ်ငန်းခွဲဆောင်ရွက်ချိန်နှင့် ကိုက်ညီသင့်လျော်လှသည်ဟု သုံးသပ်ရရှိပါသည်။ ရေရှားပါးသောကာလများမှာ မတ်လမှဇွန်လအထိ ဖော်ပြထားပါသည်။

ဒေါဘူးကူးကျေးရွား၏ ရာသီခွင်ပြ ပြက္ခဒိန်ကို လေ့လာသုံးသပ်ရာတွင် အများစုမှာ တောင်သူလယ်သမားများဖြစ်ကြ၍ လယ်ယာလုပ်ငန်းခွင်ပြီးစီးချိန်တွင် အားလပ်မှုရှိကြသည်ကို တွေ့ရသဖြင့် အလုပ်အကိုင်အခွင့်အလမ်းပိုမိုဖန်းတီးပေးနိုင်သည်နှင့်အမျှ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု သုံးသပ်တင်ပြအပ်ပါသည်။

**ပါဝင်ဆွေးနွေးသူ ကျား (၂၉) ဦး၊ မ (၂၉) ဦး**

# ကော်မတီစာရင်း

မြို့နယ် - **ဒီးမော့ဆို**　　ကျေးရွာအုပ်စု - **ဒေါဘူးကူး**　　ကျေးရွာ - **ဒေါဘူးကူး**

| စဉ် | အမည် | ရာထူး | မှတ်ပုံတင်အမှတ် | ပညာ အရည် အချင်း | အသက် | လက်မှတ် | ကော်မတီ အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဦးကေးရယ် | ဥက္ကဋ္ဌ | ၂/ဒမဆ(နိုင်)၀၃၈၈၈၈ | (၈)တန်း | ၂၉ | | စီထောက် |
| ၂။ | ဒေါ်ဌေးမြာ | ။ | ၂/ဒမဆ(နိုင်)၀၄၅၆၉၇ | (၆)တန်း | ၂၈ | | |
| ၃။ | ဒေါ်ဘူးမြာ | ခေါင်းဆောင် | ၂/ဒမဆ(နိုင်)၀၅၂၇၉၈ | (၈)တန်း | ၂၀ | | စောင့်ကြည့် ကြီးကြပ် ရေး |
| ၄။ | ဦးဘော့ရယ် | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၃၈၂၈၉ | (၄)တန်း | ၃၀ | | |
| ၅။ | ဦးမိုရယ် | ။ | ၂/ဒမဆ(နိုင်)၀၄၄၇၈၆ | (၈)တန်း | ၂၇ | | |
| ၆။ | ဦးသူးရယ် | ခေါင်းဆောင် | ၂/ဒမဆ(နိုင်)၀၂၁၅၇၀ | (၄)တန်း | ၄၅ | | လည့်ပတ် ထိန်းသိမ်း |
| ၇။ | ဒေါ်ဗျားမို့ | အဖွဲ့ဝင် | | | | | |
| ၈။ | ဦးလူရယ် | ။ | ၂/ဒမဆ(နိုင်)၀၅၂၇၈၂ | (၂)တန်း | ၂၀ | | |
| ၉။ | ဦးနီးရယ် | ခေါင်းဆောင် | ၂/ဒမဆ(နိုင်)၀၀၆၁၅၃ | (၃)တန်း | ၄၇ | | ဝယ်ယူ |
| ၁၀။ | ဒေါ်အန်းဂျေလာ | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၂၆၂၆၁ | (၁၀)တန်း | ၄၃ | | |
| ၁၁။ | ဦးကလောရယ် | ။ | ၂/ဒမဆ(နိုင်)၀၄၉၉၄၄ | (၉)တန်း | ၂၀ | | |
| ၁၂။ | ဒေါ်ပိုးမြာ | စာရင်းကိုင် | ၂/ဒမဆ(နိုင်)၀၇၂၈၀၅ | (၈)တန်း | ၁၉ | | စာရင်းကိုင် |
| ၁၃။ | ဦးကိုရယ် | အဖွဲ့ဝင် | ၂/ဒမဆ(နိုင်)၀၀၆၀၃၃ | (၅)တန်း | ၄၇ | | အကြံပြု |
| ၁၄။ | ဒေါ်ပလျားမြာ | ။ | ၂/ဒမဆ(နိုင်)၀၅၀၁၀၆ | (၈)တန်း | ၂၇ | | |
| ၁၅။ | ဦးရှေးရယ် | စေတနာ | ၂/ဒမဆ(နိုင်)၀၄၂၇၆၅ | (၉)တန်း | ၂၆ | | စေတနာ |
| ၁၆။ | ဒေါ်လှချေးမို့ | ။ | ၂/ဒမဆ(နိုင်)၀၆၂၈၂၆ | (၉)တန်း | ၂၁ | | |


ဒေါတူးကူးကျေးရွာ
AON





## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးရှင်ရှယ် | ၀၉-၂၅၅၇၉၀၁၅၅၂ | ဦးအိုင်ရှယ် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကယား | ဒီးမော့ဆို | ဒေါ်တမဲကျေး | ဒေါ်တမဲကျေး |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယား | ၅၄ | ဘာသာ (၁) ဗုဒ္ဓ | ၅၄ |
| လူမျိုးစု (၂) ကရင် | ၁ | ဘာသာ (၂) ခရစ်ယာန် | ၁ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ကျား - ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား - ၄ | မ - ၅ | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၃၇ | ၁၄၄ |
| လူမျိုးစု (၁) ကယား | | |
| လူမျိုးစု (၂) ကရင် | ၂ | ၇ |
| လူမျိုးစု (၃) ------------ | | |
| လူမျိုးစု (၄) ------------ | | |
| လူမျိုးစု (၅) ------------ | | |
| အိမ်ထောင်ဦးစီး | ၅၁ | ၄ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား [illegible] | ☑ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် [illegible] | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ခရိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း (circled) | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဖဟိုပြုစီမံကိန်းမစတင်မှီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — (ရှိပါသည်)/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၅/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၆/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် [illegible] ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ----------

မိုးရာသီတွင်ကြာချိန် [illegible] ထော်လာဂျီ/(မော်တော်ဆိုင်ကယ်)/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ----------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) လူငယ်အဖွဲ့

(၂) [illegible]

ကျေးရွာခေါင်းဆောင် — အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ ၉.၁၂.၂၀၁၆

လူထုစည်းရုံးရေးမှူး — အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ ၉.၁၂.၂၀၁၆

## ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။* | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဦးဘိုးရယ် | | |
| နေ့စွဲ | ၉.၁၂.၂၀၁၆ | စက်ဝန်းအားအမှတ်ခြစ်ပါ | ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဒေါ်တျားကျူး | ကျေးရွာ ဒေါ်တျူးကျူး |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၈.၁၂.၁၆ | ၈.၁၂.၁၆ | ၂၉ | ၂၉ | ၅၈ | ၅၇ - ကယား<br>၁ - ကရင် |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၉.၁၂.၁၆ | ၉.၁၂.၁၆ | ၂၀ | ၃၃ | ၅၃ | ၅၂ - ကယား<br>၁ - ကရင် |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၃၀.၁၂.၁၆ | ၃၀.၁၂.၁၆ | ၁၂ | ၁၃ | ၂၅ | ၁၇ - ကယား<br>၈ - ကယန်း |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၅.၁.၂၀၁၇ | ၂၅.၁.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| *လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။* |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးအိုးရယ် |
| နေ့စွဲ ၉ - ၁၂ - ၂၀၁၆ — စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကယား — မြို့နယ် ဒီးမော့ဆို — ကျေးရွာအုပ်စု ဒေါ်ကျူးကျူး — ကျေးရွာ ဒေါ်ကျူးကျူး |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လမ်းမကောင်းသဖြင့် သွားလာရေး ခက်ခဲသည် | ၁ | ခန်းမဆောင် မြန်မြန်ဆောက်လုပ်ရန် |
| ၂ | ခန်းမဆောင် မပြီးစီးသေးခြင်း | ၂ | ရွာအတွင်းရေရရှိမှုသုံးစွဲရာ အခက်အခဲ |
| ၃ | မူကြိုကျောင်းမရှိသောအခက်အခဲ | ၃ | ဓာတ်ကြိုးတိုက်မရှိ မဟာဓာတ်အားနည်းခြင်း |
| ၄ | ကျန်းမာရေးဆေးရုံမရှိသဖြင့်အခက်အခဲ | ၄ | ရွာလမ်းမကောင်းသဖြင့် သွားလာရေးအခက်အခဲ |
| ၅ | ဓာတ်ကြိုးတိုက်မရှိသဖြင့် မဟာဓာတ်အားရရှိရန် အခက်အခဲ / သိုးနွားသယ်ရန် လမ်းအခက်အခဲ | ၅ | ရေလှောင်ကန် ပြုပြင်ရန်သယ်ရန် အခက်အခဲ / ငွေ ရံပုံငွေမရှိသော အခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် (၅)နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | စာသင်ကျောင်းခြံစည်းရိုး ရှိလာမည် | ၁ | ခန်းမဆောင် အပြီးဆောက်ရန် မျှော်မှန်း |
| ၂ | ၅နှစ်အတွင်း လမ်းများကောင်းရန် | ၂ | ရွာတွင်း ကျောက်ခင်းလမ်းများဖြစ်ရန် |
| ၃ | ၅နှစ်အတွင်း မူကြိုကျောင်းပြီးစီးရန် | ၃ | ကျောင်းခြံစည်းရိုး ကာရံရန် |
| ၄ | ၅နှစ်အတွင်း ခန်းမဆောင်ပြီးစီးရေး | ၄ | မူလတန်းကျောင်း ရရှိရန် မျှော်မှန်း |
| ၅ | ၅နှစ်အတွင်း ရေလှောင်ကန်ပြုပြင်ပြီးစီးရေး | ၅ | မူကြိုကျောင်း ရရှိရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ကျေးရွာခန်းမဆောင် | အမျိုးသား+အမျိုးသမီး | | ၂၇၇ |
| ၂ | မီးစက် | အမျိုးသား+အမျိုးသမီး | | ၂၇၇ |
| ၃ | ကျောက်ခင်းလမ်း | အမျိုးသား+အမျိုးသမီး | | ၂၇၇ |
| ၄ | မူကြိုကျောင်း | အမျိုးသား+အမျိုးသမီး | | ၂၀ |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ရိုက်ပုံနှိုးဈေး အသိပညာ | | ရိုက်ပုံနှိုးဈေးနှင့်ရေစီးကြောင်း ဓာတ်မြေဩဇာအသုံးချရေး ဦးစီးဌာန |
| ၂ | ပေးသင်တန်း | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ကော်မီတီမှ အတည်ပြုသည်။

အမည် ---- [illegible] ---- လက်မှတ် ---- (signature) ---- နေ့စွဲ ---- ၉ . ၁၂ . ၂၀၁၆

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

အနှစ်ချုပ်

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

ဒေါ်အုံးကျင်

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ကျေးရွာ ခန်းမ ဆောက် | ☑ မ ☑ ကျား | | |
| | ၂ | ဘုန်းကြီးကျောင်း | ☑ မ ☑ ကျား | | |
| | ၃ | ကျောက်ချောလမ်း | ☑ မ ☑ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်း/ စိုက်ပျိုးရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | ဖိုးတက် | ☑ မ<br>☑ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |

ဒေသအမှတ် ........ ရက်စွဲ ........ ဒီးမော့ဆိုမြို့နယ်

လူထုစဝဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)**

| | | | | | |
|---|---|---|---|---|---|
| လမ်းညွှန်ချက်။ စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ကျေးရွာအုပ်စုမှ ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ | | | | | |
| ကျေးရွာစည်းရုံးရေးမှူး/ဂန်ထမ်းအမည် | နိုးအိုးရယ် | | | | |
| နေ့စွဲ | ၁၂.၁.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) √စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း | ကယား | မြို့နယ် | ဒီးမော့ဆို | ကျေးရွာအုပ်စု | ဒေါ်ဘူးကျုံး |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ရှိပါပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ဒေါ်ဘူးကျုံး | ခန်းမဆောင် ပြုပြင်တိုးချဲ့ Extension and renovation Community Hall | ၆၂'-၆" x၂၄' x၁၂' | ၃၂၈ | □ ကျား □ မ √ ကျား + မ | ၁၀၅သိန်း ခြောက်သောင်း | - | - | | ၁၀၅.၆သိန်း |
| ဒေါ်ဘူးနို | ကျောက်ချော လမ်း Gravel | ၁၂၂၅'x၁၀' x၆" | ၂၇၇ | □ ကျား □ မ √ ကျား + မ | ၁၀၅သိန်း ခြောက်သောင်း | - | - | | ၁၀၅.၆သိန်း |
| ဒေါ်လျားလီ | ခန်းမဆောင် တိုးချဲ့ခြင်း Extension of Community Hall | ၂၄'x၂၀' x၁၂' | ၂၀၉ | □ ကျား □ မ √ ကျား + မ | ၃၃သိန်း | - | - | | ၃၃သိန်း |
| | | | | □ ကျား □ မ □ ကျား + မ | | | | | |
| | | | | □ ကျား □ မ □ ကျား + မ | | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ  အမည် - [illegible]  လက်မှတ် [signature]  ရက်စွဲ ၁၂.၁.၂၀၁၇

ဦး [illegible]  [signature]  ၁၂.၁.၂၀၁၇

## ပထမအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| အစည်းအဝေးကျင်းပသည့်ကျေးရွာ၊ ကျေးရွာအုပ်စု | - | **ဒေါ်ဘူးကူးကျေးရွာ၊ ဒေါ်ဘူးကူးအုပ်စု** |
| အစည်းအဝေးကျင်းပသည့်နေရာ | - | **ကျေးရွာခန်းမဆောင်** |
| အစည်းအဝေးကျင်းပသည့်အချိန် | - | **နံနက် (၉:၀၀) နာရီ** |
| အစည်းအဝေးကျင်းပသည့်နေ့ရက် | - | **၈.၁၂.၂၀၁၆** |
| အစည်းအဝေးတက်ရောက်သူဦးရေ | - | **ကျား(၂၉)ဦး၊ မ (၂၉)ဦး** |

ဒေါ်ဘူးကူးကျေးရွာ၊ ပထမအကြိမ်အစည်းအဝေးကို တက်ရောက်သူစာရင်းကောက်ယူခြင်း၊ လ/ထနည်းပညာမှူး၊ လူထုစည်းရုံးရေးမှူးများမှ မိမိကိုယ်ကိုမိတ်ဆက်ကြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးဦးစူးရယ်က အဖွင့်အမှာစကားပြောခြင်းဖြင့် စတင်ခဲ့သည်။ ထို့နောက် လူထုစည်းရုံးရေးမှူး ဦးဘိုးရယ်က စီမံကိန်းအကြောင်း မိတ်ဆက်ပြောကြားပြီး လ/ထနည်းပညာမှူး ဒေါ်ခင်စန္ဒာကိုက စီမံကိန်းစက်ဝန်းရှင်းပြသည်။ လူထုစည်းရုံးရေးမှူးက အဓိကတာဝန်ရှိသူများနှင့် တာဝန်များကို ရှင်းလင်းဆွေးနွေးပါသည်။ လ/ထ နည်းပညာမှူးက စေတနာ့ဝန်ထမ်း တာဝန်ဝတ္တရားရှင်းပြ၍ ကျေးရွာစေ့တနာ့ဝန်ထမ်းကို ကျေးရွာက မူလ(၂)ဦးကိုသာ ရွေးချယ်ပါသည်။

လူထုစည်းရုံးရေးမှူးဦးဘိုးရယ်က လူမှုဆန်းစစ်ခြင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းပြပြီး လ/ထ နည်းပညာမှူးနှင့် လူထုစည်းရုံးရေးမှူးများဖြစ်ကြသော ဦးဘိုးရယ်နှင့် ဦးတူးရယ်တို့က ကျေးရွာလူထုအား ပံ့ပိုးကူညီပေးကြပါသည်။ ကျေးရွာမြေပုံ၊ ဥတုစာခနေအဆင့်သတ်မှတ်ခြင်း၊ ရာသီခွင်ပြက္ခဒိန်၊ ကျား-မဆိုင်ရာသုံးစွဲမှု၊ ထိန်းချုပ်မှု၊ ပင့်ကူအိမ်သုံးသပ်ခြင်း၊ ကျေးရွာလူထုနှင့် အဖွဲ့အစည်းများချိတ်ဆက်မှုအခြေအနေတို့ကို အုပ်စုဖွဲ့၍ ဆွေးနွေးဖော်ထုတ်ကြပါသည်။

ဆက်လက်၍ ဖော်ထုတ်ရေးဆွဲခဲ့သော လူမှုဆန်းစစ်ချက်များကို ကျေးရွာလူထုမှ ကိုယ်စားလှယ်များက ပြန်လည်သုံးသပ်ဆွေးနွေးပြီး လူထုစည်းရုံးရေးမှူး ဦးဘိုးရယ်မှ အနှစ်ချုပ်ပေးပါသည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးက နိဂုံးချုပ်ပြောကြားကာ အစည်းအဝေးကို မွန်းလွဲ (၁၆:၀၀) နာရီအချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။

## ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| အစည်းအဝေးကျင်းပသည့်ကျေးရွာ၊ ကျေးရွာအုပ်စု | - | **ဒေါဘူးကူးကျေးရွာ၊ ဒေါဘူးကူးအုပ်စု** |
| အစည်းအဝေးကျင်းပသည့်နေရာ | - | **ကျေးရွာခန်းမဆောင်** |
| အစည်းအဝေးကျင်းပသည့်အချိန် | - | **နံနက် (၉:၀၀) နာရီ** |
| အစည်းအဝေးကျင်းပသည့်နေ့ရက် | - | **၉.၁၂.၂၀၁၆** |
| အစည်းအဝေးတက်ရောက်သူဦးရေ | - | **ကျား(၂၀)ဦး၊ မ (၃၃)ဦး** |

ဒေါဘူးကူးဒုတိယအကြိမ်ကျေးရွာအစည်းအဝေးကို နံနက် (၉)နာရီတွင် စတင်ခဲ့ပါသည်။ တက်ရောက်သူစာရင်းကောက်ယူပြီး လူထုစည်းရုံးရေးမှူး ဦးဘိုးရယ်က ကျေးရွာအခက်အခဲ၊ ပြဿနာ၊ ကျေးရွာမျှော်မှန်းချက်၊ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဖော်ထုတ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းပြပါသည်။ ထို့နောက် အမျိုးသား၊ အမျိုးသမီးအုပ်စုခွဲ၍ ၎င်းတို့၏ အခက်အခဲ၊ ပြဿနာ၊ မျှော်မှန်းချက်၊ ဖွံ့ဖြိုးရေးအစီအစဉ်များ ဖော်ထုတ်ရေးဆွဲကြရာ လူထုစည်းရုံးရေးမှူးနှင့် လ/ထနည်းပညာမှူးတို့က ပံ့ပိုးကူညီပေးပါသည်။

ဆက်လက်၍ လ/ထနည်းပညာမှူး ဒေါ်ခင်စန္ဒာကိုက စီမံကိန်းဆိုင်ရာ လူမှုပတ်ဝန်းကျင် အကာအကွယ်များ၊ အကျုံးဝင်/မဝင် လုပ်ငန်းများကို ရှင်းလင်းပြီး အမျိုးသား၊ အမျိုးသမီးဦးစားပေးလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းခွဲအတွက် မဲပေးရွေးချယ်ကြပါသည်။ ကျေးရွာကော်မတီ၏ ဖွဲ့စည်းပုံ၊ တာဝန်ဝတ္တရားများကို လူထုစည်းရုံးရေးမှူးက ရှင်းပြပြီး ကော်မတီများကို ပြန်လည်ရွေးချယ်အတည်ပြုကြပါသည်။

ထို့နောက် ကော်မတီဝင်များက HR2 ဖြည့်စွက်ခြင်း၊ COC တွင် လက်မှတ်ရေးထိုးကြပါသည်။ လူထုစည်းရုံးရေးမှူးမှ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ပုံစံပြုစုရေးအတွက် ရှင်းပြပြီး ကျေးရွာအုပ်ချုပ်ရေးမှူးက နိဂုံးချုပ်စကားပြောကြားပါသည်။ စုပေါင်းမှတ်တမ်းဓါတ်ပုံရိုက်ကူးပြီး အစည်းအဝေးကို (၁၅:၀၀) နာရီတွင် ရုတ်သိမ်းခဲ့ပါသည်။

# လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်အုပ်စု | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Social Map/ Resource Map) | ၈.၁၂.၂၀၁၆ | ရပ်မိရပ်ဖ၊ ကော်မတီ၊ ကျေးရွာလူထုများ အားလုံး | ၂၉ | ၂၉ | ၅၈ | အိမ်ခြေ၊ အိမ်အမျိုးအစား၊ အခြေခံအဆောက်အဦများ၊လမ်းပန်းဆက်သွယ်ရေး၊လယ်ယာမြေ၊ ရေတွင်း/ကန်၊သစ်တော၊ ဆက်စပ်နယ်နမိတ်။ |
| ၂။ | ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၈.၁၂.၂၀၁၆ | ချမ်းသာ၊ အလယ်အလတ်၊ ဆင်းရဲ၊ ကျေးရွာလူထုအားလုံး | ၂၉ | ၂၉ | ၅၈ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများဖြင့် သတ်မှတ်နိုင်ရန်အဆင့်၊ အခြေခံ စံနှုန်းကို လူထုကသဘော တူသတ်မှတ်၍ ရာခိုင်နှုန်းဖော်ပြခြင်း။ |
| ၃။ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၈.၁၂.၂၀၁၆ | ကော်မတီဝင်များ၊ ကျေးရွာလူထုအမျိုးသမီး/သားအားလုံး | ၂၉ | ၂၉ | ၅၈ | စိုက်ပျိုး၊ရိတ်သိမ်းကာလ၊ ပွဲတော်ကာလ၊ ဖျားနာခြင်း၊ ပြင်ပအလုပ်ရှာခြင်း၊ ဝင်ငွေ၊ ထွက်ငွေ၊ ရေရှား၊ လမ်းပန်းအခြေအနေ၊ ရာသီဥတုအခြေအနေ။ |
| ၄။ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၈.၁၂.၂၀၁၆ | အမျိုးသားများနှင့် အမျိုးသမီးများ ကျေးရွာလူထုအားလုံး | ၂၉ | ၂၉ | ၅၈ | အမျိုးသမီး/သားတန်းတူ အခွင့်အရေးနှင့်ကွာဟချက်(အမွေရရှိမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဦးဆောင်မှု၊အလုပ်အကိုင် ဆုံးဖြတ်ချက်ချမှုများ။ |

# လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်အုပ်စု | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၅။ | ကျေးရွာလူထုနှင့် အဖွဲ့အစည်း ချိတ်ဆက်ပုံ (Venn Diagram) | ၉.၂.၂၀၀၅ | ကော်မတီဝင် ကျေးရွာလူထု အားလုံး | ၂၉ | ၂၉ | ၅၈ | ကျေးရွာတွင် အဖွဲ့အစည်းများ၊ ကျေးရွာပြင်ပအဖွဲ့အစည်းများ ချိတ်ဆက်မှုအနေအထား၊ ဩဇာလွှမ်းမိုးမှုအခြေအနေ |
| ၆။ | အခက်အခဲ (Problem) | ၁၀.၂.၂၀၀၅ | အမျိုးသမီး၊ အမျိုးသား၊ ကျေးရွာ လူထုအားလုံး | ၂၀ | ၃၃ | ၅၃ | အမျိုးသမီးကြုံတွေ့ရသောအခက်အခဲ၊အတားအဆီးများ၊ အမျိုးသား အခက်အခဲ၊ အတား အဆီးများ။ |
| ၇။ | မျှော်မှန်းချက်များ (Vision) | ၁၀.၂.၂၀၀၅ | အမျိုးသမီး၊ အမျိုးသား၊ လူထုအားလုံး | ၂၀ | ၃၃ | ၅၃ | နောင်လာမည့် (၅)နှစ်အတွင်း မျှော်မှန်းချက်များ အမျိုးသမီး မျှော်မှန်းချက်၊ အမျိုးသားမျှော်မှန်းချက် |
| ၈။ | ကျေးရွာ၏ (၄)နှစ်စာဦးစားပေးအစီအစဉ်ပြဇယား (Matric Ranking) | ၁၀.၂.၂၀၀၅ | အမျိုးသမီး၊ အမျိုးသား၊ လူထုအားလုံး | ၂၀ | ၃၃ | ၅၃ | အမျိုးသမီးဦးစားပေး လုပ်ငန်း၊ အမျိုးသား ဦးစားပေးလုပ်ငန်းများ နှင့် အမျိုးသမီး+အမျိုးသားဦးစားပေးလုပ်ငန်းများ။ |
| ၉။ | ကျေးရွာသမိုင်း အကျဉ်းချုပ် (History) | ၁၀.၂.၂၀၀၅ | ရွာမိရွာဖ အုပ်ချုပ်ရေးအဖွဲ့ ကော်မတီ ကျေးရွာလူထု | ၂၀ | ၃၃ | ၅၃ | ကျေးရွာဆင်းသက်ပုံ၊ သက်တမ်း၊ ကြုံတွေ့ခဲ့ရသောဖြစ်စဉ်၊ဖြစ်ရပ်များ၊ ရိုးရာဓလေ့၊ ပြောင်းလဲတိုးတက်မှု အခြေအနေ။ |